ISAAA
International Service for the Acquisition of Agri-Biotech Applications

# ၂၀၁၃ ခုနှစ်တွင် ဇီဝနည်းပညာသုံးသီးနှံကို နိုင်ငံပေါင်း (၂၇)နိုင်ငံမှ တောင်သူ (၁၈)သန်းက ရွေးချယ်စိုက်ပျိုးခဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် တိုးချဲ့စိုက်ပျိုးခဲ့သည့်ဧရိယာ ဟက်တာ (၅)သန်းရှိ

××××××

## အမေရိကန်နိုင်ငံတွင် ဇီဝနည်းပညာသုံးရေငတ်ဒဏ်ခံနိုင်သည့် ပြောင်းမျိုးကို စတင်စိုက်ပျိုးခဲ့ပြီး ကမ္ဘာတစ်ဝှမ်း၌ ရေငတ်ဒဏ်ခံနိုင်သည့်နည်းပညာတိုးတက်ထွန်းကား

**ဘေဂျင်း၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၃)ရက်**

စိုက်ပျိုးရေးဇီဝနည်းပညာ လက်တွေ့ အသုံးချခြင်းဆိုင်ရာ နိုင်ငံတကာ ဝန်ဆောင်မှုအဖွဲ့ (ISAAA) က ၂၀၁၃ ခုနှစ်တွင် ဇီဝနည်းပညာသုံးသီးနှံများကို နိုင်ငံပေါင်း ၂၇ နိုင်ငံမှ တောင်သူ ၁၈ သန်းက စိုက်ပျိုးခဲ့ကြကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ဇီဝသီးနှံ တိုးချဲ့စိုက်မျိုးမှုဧရိယာ ဟက်တာ ၅ သန်း (သို့) ၃% ရှိသည်ဟုဆိုသည်။ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတွင် ရေငတ်ဒဏ်ခံနိုင်သည့် ဇီဝနည်းပညာသုံးပြောင်းကို ပထမဦးဆုံးအကြိမ်အဖြစ် စီးပွားဖြစ်စိုက်ပျိုးခဲ့သည်မှာလည်း ထူးခြားချက်ပင်ဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးမှု ဧရိယာမှာ ၁၉၉၆ ခုနှစ်တွင် ဟက်တာ ၁. ၇ သန်းသာရှိရာမှ ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၁၇၅ သန်းအထိ တိုးတက်လာခဲ့သည်။ ၁၈ နှစ်တာ ကာလအတွင်း ဇီဝနည်းပညာသုံးသီးနှံများ စီးပွားဖြစ်စိုက်ပျိုးမှုမှာ အဆ ၁၀၀ အထိ တိုးတက်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ဇီဝနည်းပညာသုံးသီးနှံဟက်တာ ၇၀. ၁ သန်း (သို့) တစ်ကမ္ဘာလုံး စိုက်ပျိုးဧရိယာ စုစုပေါင်း၏ ၄၀% ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျှက်ရှိသည်။

"ယနေ့အချိန်အထိ ဇီဝနည်းပညာသုံး သီးနှံစိုက်ပျိုးမှု ဧရိယာဟာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် စုစုပေါင်း ဟက်တာ ၁. ၆ ဘီလီယံ ဒါမှမဟုတ် တရုတ်နိုင်ငံ မြေဧရိယာစုစုပေါင်းရဲ့ ၁၅၀% နဲ့လည်း ညီမျှပါတယ်"ဟု အစီရင်ခံစာရေးသားသူလည်းဖြစ်ပြီး ISAAA တည်ထောင်သူနှင့် အငြိမ်းစားဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဖြစ်သူ ကလစ်ဗ်ဂျိမ်းကဆိုသည်။ "ဇီဝနည်းပညာသုံး သီးနှံအများဆုံး စိုက်ပျိုးတဲ့ ၁၀ နိုင်ငံက ၂၀၁၃ ခုနှစ်မှာ ဟက်တာ တစ်သန်းနဲ့အထက် စိုက်ပျိုးခဲ့ကြတယ်ဆိုတော့ ဒါဟာ အနာဂတ် ဖွံ့ဖြိုး တိုးတက်ဖို့အတွက် အခြေခံကောင်းတစ်ရပ်ပါပဲ" ဟု ထပ်လောင်းပြောကြားခဲ့သည်။

အစီရင်ခံစာအရ ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးသည့် တောင်သူ ၉၀% ကျော် (သို့) ၁၆. ၅ သန်းမှာ အသေးစားတောင်သူများဖြစ်ကြသည်။ ဇီဝနည်းပညာသုံး သီးနှံစိုက်ပျိုးသည့် နိုင်ငံများအနက် ၈ နိုင်ငံမှာ စက်မှုနိုင်ငံများဖြစ်ပြီး ၁၉ နိုင်ငံမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည်။ ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးမှုတွင် ဒုတိယနှစ်အဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများက စက်မှုနိုင်ငံများထက် ပိုမိုများပြားခဲ့သည်။ ဇီဝနည်းပညာသုံးသီးနှံများ၏ အကျိုးကျေးဇူးကိုခံစားကြရပြီး မသေချာ မရေရာမှုများကို မလိုလားသည့် ကမ္ဘာတစ်ဝှမ်းရှိ တောင်သူသန်းပေါင်းများစွာ၏ ယုံကြည်မှုကိုလည်း ထင်ဟပ်နေသည်။ ဇီဝနည်းပညာသုံး သီးနှံများကို စိုက်ပျိုးကြသောတောင်သူ ၁၀၀% နီးပါက နောက်နှစ်များတွင် ဆက်လက်စိုက်ပျိုးကြမည်ဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

## ရေငတ်ဒဏ်ခံနိုင်သော သီးနှံအသစ်နှစ်မျိုး

ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော မိုးခေါင်ရေရှားမှုပြဿနာမှာ ပိုမိုဆိုးရွားလာပြီး

ရေငတ်ဒဏ်ခံနိုင်သည့် သီးနှံများထုတ်လုပ်နိုင်ရေးမှာလည်း ပို၍ အရေးပါလာသည်။ အမေရိကန်ပြည်ထောင်စုတွင် မိုးခေါင်ရေရှားရပ်ဝန်းရှိ ပြောင်းစိုက်တောင်သူ ၂၀၀၀၀ နီးပါးမှာ ရေငတ်ဒဏ်ခံနိုင်သည့် ဇီဝနည်းပညာသုံးပြောင်းကို ဟက်တာ ၅၀၀၀၀ အထိ ပထမဆုံးအကြိမ်အဖြစ် စိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ့စတုတ္ထလူဦးရေအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံကလည်း ကမ္ဘာ့ပထမဦးဆုံးရေငတ်ဒဏ်ခံနိုင်သည့် ကြံ (ကမ္ဘာတွင် ပထမဆုံးခွင့်ပြုခဲ့သည့် ဇီဝနည်းပညာသုံး ကြံ)ကို ခွင့်ပြုပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်စီစဉ်လျက်ရှိသည်။

"ဇီဝနည်းပညာသုံးသီးနှံတွေဟာ ရေရှားပါးမှု၊ ပေါင်းမြက်ထူပြောမှုနဲ့ ပိုးမွှားအန္တရာယ်တွေကို ရင်ဆိုင်နေရတဲ့ အရင်းအမြစ်ရှားတဲ့ တောင်သူတွေအတွက် လက်နက်တစ်ခုအဖြစ် သူ့ရဲ့အရေးပါမှုကို ဖော်ကျူးလျှက်ရှိပါသည်။ ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်ကလည်း ဒီနည်းပညာရဲ့ လိုအပ်ချက်ကို ဆက်ပြီး ဆွဲဆန့် ထားဦးမှာပါ"ဟု ဂျိမ်းကဆိုသည်။

ရေငတ်ဒဏ်ခံနိုင်သော ဇီဝနည်းပညာသုံးပြောင်းကို "အာဖရိကတိုက်အတွက် ရေကိုထိရောက်စွာအသုံးပြုနိုင်မည့်ပြောင်း (WEMA)" စီမံကိန်းမှတစ်ဆင့် အာဖရိကတိုက်သို့ လျှုဒါန်းပြီးဖြစ်သည်။ ယင်းစီမံကိန်းကို Monsento ကုမ္ပဏီနှင့် BASF တို့က အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး ဂိတ်စ်နှင့် ဘူဖေးဖောင်ဒေးရှင်းများမှ ရန်ပုံငွေထောက်ပံ့ခြင်းဖြစ်ကာ မက္ကစီကိုနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ပြောင်းနှင့်ဂျုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIMMYT)နှင့် ကင်ညာနိုင်ငံအခြေစိုက်၊ အာဖရိက စိုက်ပျိုးရေးနည်းပညာဖောင်ဒေးရှင်းတို့မှ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အာဖရိကတိုက်တွင် ရေငတ်ဒဏ်ခံနိုင်သော ဇီဝနည်းပညာသုံးပြောင်းကို ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးနိုင်မည်ဟု မျှော်လင့်ရသည်။ အာဖရိကတိုက်ရှိ ပြောင်းထုတ်လုပ်မှု၏ အကြီးမားဆုံးပြဿနာမှာ မိုးခေါင်ရေရှားမှုပင်ဖြစ်သည်။ အာဖရိကပြည်သူ သန်းပေါင်း ၃၀၀ မှာလည်း ၎င်းတို့၏ ရှင်သန်မှုအတွက် ယင်းသီးနှံအပေါ်တွင် မှီခိုအားထားနေရသည်။

## တရုတ်နိုင်ငံရှိ ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးမှု အခြေအနေနှင့် အခွင့်အလမ်းများ

လူဦးရေ ၁. ၃ ဘီလီယံရှိသော တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံဖြစ်သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ် ကာလအတွင်း တရုတ်နိုင်ငံသည် ဇီဝနည်းပညာသုံး ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံနှင့်ညီမျှသည့် စီးပွားရေးအကျိုးအမြတ်များရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်တစ်နှစ်တည်းတွင်ပင် အမေရိကန် ဒေါ်လာ ၂. ၂ ဘီလီယံရရှိခဲ့သည်။ ဇီဝနည်းပညာသုံးဝါသီးနှံတွင် ပိုးသတ်ဆေးသုံးစွဲမှုကို ၅၀% အထိ လျှော့ချနိုင်ခဲ့သဖြင့် ဇီဝနည်းပညာသုံးသီးနှံများသည် တရုတ်နိုင်ငံရှိ တောင်သူများအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အရေးပါသော အကျိုးကျေးဇူးများကိုဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

"တရုတ်နိုင်ငံအနေနဲ့ ဇီဝနည်းပညာသုံးဝါသီးနှံကနေပြီး ချည်မျှင်ပိုပြီးထွက်ရှိတာကြောင့် အကျိုးကျေးဇူးခံစားခဲ့ရသလို ဇီဝနည်းပညာသုံးပြောင်းကနေပြီးတော့လည်း တိရစ္ဆာန်အစာတွေ ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး အကျိုးကျေးဇူးတွေ ခံစားခဲ့ရပါတယ်။ နောက်ပြီး တရုတ်နိုင်ငံအနေနဲ့ အာရှတိုက်ရဲ့ ပင်မရိက္ခာသီးနှံဖြစ်တဲ့ ဇီဝနည်းပညာသုံး စပါးသီးနှံကိုသာ ခွင့်ပြုပေးခဲ့မယ်ဆိုရင် အကျိုးအမြတ်တွေအများကြီး ရရှိခံစားနိုင်ဦးမှာပါ" ဟု ဂျိမ်းစ်ကဆိုခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်တွင် ဇီဝဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ထောက်ခံချက်ရရှိထားသော ဇီဝနည်းပညာသုံးပြောင်းကို ခွင့်ပြုပေးနိုင်ဖွယ်ရှိသည်ဟု လေ့လာသူ အချို့က ခန့်မှန်းပြောဆိုကြ

သည်။ တရုတ်နိုင်ငံရှိ ဝက်ကောင်ရေ ၅၀၀ သန်းနှင့် ကြက်ကောင်ရေ ၁. ၃ ဘီလီယံတို့ကို ကျွေးမွေးရန် အတွက် အစာလိုအပ်ချက်မြင့်မားလျက်ရှိရာ ပြောင်းသီးနှံကို ဟက်တာ ၃၅ သန်းစိုက်ပျိုးမှုဖြင့် မလုံလောက်ဘဲ ပြည်ပမှ တင်သွင်းကာ ဖြည့်ဆည်းပေးနေရသည်။

## ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးဧရိယာ တိုးတက်လာခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စိုက်ပျိုးဧရိယာမှာ ဆက်လက်တိုးတက်လျှက်ရှိသည်။ လက်တင်အမေရိက၊ အာရှနှင့်အာဖရိက ဒေသမှ တောင်သူများသည် ကမ္ဘာ့ဇီဝသီးနှံစိုက်ပျိုးမှု ဧရိယာ၏ ၅၄% စိုက်ပျိုးခဲ့ပြီး ၂၀၁၂ ခုနှစ်ထက် ၂% တိုးတက်လာခဲ့သည်။ ထို့ကြောင့် စက်မှုနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများကြား စိုက်ပျိုးဧရိယာ ကွာဟချက်မှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဟက်တာ ၇ သန်းမှ ၁၄ သန်းအထိ ရှိလာခဲ့သည်။

ဇီဝနည်းပညာသုံးသီးနှံများကို တောင်အမေရိကတိုက်တွက် ဟက်တာ ၇၀ သန်း (သို့) ၄၁% စိုက်ပျိုးခဲ့ပြီး အာရှတိုက်တွင် ဟက်တာ ၂၀ သန်း (သို့) ၁၁% စိုက်ပျိုးခဲ့ကာ အာဖရိကတိုက်တွင် ဧက ၃ သန်း (သို့) ၂% စိုက်ပျိုးခဲ့ကြသည်။

"စက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တိုးချဲ့စိုက်ပျိုးမှုကတော့ ၂၀၁၃ ခုနှစ်မှာ တည်တည်ငြိမ်ငြိမ် တိုးတက်လာခဲ့ပါတယ်။ စိုက်ပျိုးလာခဲ့တဲ့ နှုန်းဟာ ၉၀% နဲ့ အထက်ရှိတဲ့အတွက် တိုးချဲ့စရာနေရာတောင် အနည်းငယ်ပဲ ကျန်ပါတော့တယ်။ လွန်ခဲ့တဲ့နှစ်မှာတော့ တိုးချဲ့စိုက်ပျိုးမှုမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကပဲ ဦးဆောင်ခဲ့ပါတယ်။ အမည်နဲ့တကွ ပြောရရင်တော့ ဘရာဇီးနိုင်ငံဟာ ဟက်တာ ၃. ၇ သန်း (သို့) ၁၀% အထိ တိုးချဲ့စိုက်ပျိုးပြီး စုစုပေါင်း ဟက်တာ ၄၀. ၃ သန်းအထိရောက်ရှိလာခဲ့ပါတယ်။ လာမဲ့နှစ်တွေမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စိုက်ပျိုးဧရိယာဆက်ပြီးတိုးတက်ဦးမယ်လို့ မျှော်လင့်ရပါတယ်။ ဘရာဇီးနိုင်ငံကလည်း တိုးချဲ့စိုက်ပျိုးတဲ့နေရာမှာ ဆက်လက်ဦးဆောင်နေဖို့ရှိပြီး အမေရိကန်ပြည်ထောင်စုနဲ့ကွာဟချက် ကျဉ်းမြောင်းလာတော့မှာပါ"ဟု ဂျိမ်းစ်ကပြောခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဇီဝနည်းပညာသုံးသီးနှံများအောင်မြင်စွာ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းမှာ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်ဟု ယူဆကြသည်။ သာဓကအားဖြင့် ဘရာဇီးနိုင်ငံသည် BASF နှင့် ပူးပေါင်းလျက်ပေါင်းသတ်ဆေး ဒဏ်ခံနိုင်သော ပဲပုပ်မျိုးကို ခွင့်ပြုပေးခဲ့ပြီး စီးပွားဖြစ်စိုက်ပျိုးရန် အသင့်အနေအထားတွင်ရှိနေသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုက အောင်မြင်မှုအတွက် ယုံကြည်မှုနှင့် မက်လုံးများကို ဖန်တီးပေးနိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံရှိ EMBRAPA ၏ အစွမ်းကုန်ကြိုးပမ်းအားထုတ်မှုဖြင့် ဗိုင်းရပ်စ်ဒဏ်ခံနိုင်သော ပဲမျိုးများကို စိုက်ပျိုးရန် ခွင့်ပြုချက်ရရှိခဲ့သည်။ ယင်းမျိုးမှာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်တရာအရေးပါလှသည်။

## လိပ်ခဲတည်းလဲဖြစ်နေသည့် အခြေအနေကိုလွန်မြောက်ကာ ဇီဝနည်းပညာသုံးသီးနှံများကို စိုက်ပျိုးခွင့်ပြုလာခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဇီဝနည်းပညာသုံးသီးနှံဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီးပွားဖြစ် စိုက်ပျိုးခြင်းလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာကြပြီး ဇီဝနည်းပညာသုံးသီးနှံသစ်များကို ခွင့်ပြုပေးရန်အတွက်လည်း နိုင်ငံရေးသဘောထားများ ထက်သန်လာကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်တွင် ထွက်ပေါ်လာသော ခွင့်ပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

* ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် အိန္ဒိယကုမ္ပဏီဖြစ်သော Mahyco ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် ဇီဝနည်းပညာသုံးခရမ်းသီးမျိုးကို ပထမဆုံး ဇီဝနည်းပညာသုံး သီးနှံအဖြစ် ခွင့်ပြုပေးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အခြားသော ဆင်းရဲသည့်နိုင်ငံငယ်များအတွက် စံနမူနာအဖြစ် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ အိန္ဒိယနှင့်ဖိလစ်ပိုင်နိုင်ငံတို့တွင်လည်း ဇီဝနည်းပညာသုံး ခရမ်းသီးကို စီးပွားဖြစ်စိုက်ပျိုးရန်အတွက် ကာလအတန်ကြာ လိပ်ခဲတည်းလဲဖြစ်နေရာမှ ခွင့်ပြုချက်ရရှိလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇီဝနည်းပညာသုံးစပါး (Golden Rice) နှင့် အားလူးတို့ကိုလည်း ခွင့်ပြုပေးရန် သုံးသပ်လုပ်ဆောင်လျက်ရှိသည်။

* အင်ဒိုနီးရှားနိုင်ငံသည် ရေငတ်ဒဏ်ခံနိုင်သော ကြံမျိုးကို ခွင့်ပြုပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။

* ပနားမားနိုင်ငံသည် ဇီဝနည်းပညာသုံးပြောင်းစိုက်ပျိုးရန် ခွင့်ပြုခဲ့သည်။

ဆင်းရဲသော တောင်သူငယ်များက တိုးချဲ့စိုက်ပျိုးလာမှုနှင့်အတူ ဇီဝနည်းပညာသုံးသီးနှံနည်းပညာများဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှုသည် ကမ္ဘာ့ဇီဝနည်းပညာသုံးသီးနှံများ စိုက်ပျိုးမှု၏ အနာဂတ်အလားအလာအတွက် အရေးပါသော လက္ခဏာရပ်များဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ထူးခြားတိုးတက်လာမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

* အာဖရိကတိုက်တွင် ဘာကီနာဖာဆိုနှင့် ဆူဒန်နိုင်ငံတို့သည် ဇီဝနည်းပညာသုံး ဝါသီးနှံကို ၅၀% နှင့် ၃၀၀% အသီးသီးတိုးချဲ့ စိုက်ပျိုးခဲ့ကြသည်။ နောက်ထပ် ခုနှစ်နိုင်ငံကလည်း ဇီဝနည်းပညာသုံးသီးနှံများကို စမ်းသပ်စိုက်ပျိုးခဲ့ကြပြီး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခွင့်ရရှိရန်စောင့်ဆိုင်းနေသည့် အဆင့်သို့ ရောက်ရှိနေသည်။ ယင်းနိုင်ငံများမှာ ကင်မရွန်း၊ အီဂျစ်၊ ဂါနာ၊ ကင်ညာ၊ မာလာဝီ၊ နိုင်ဂျီးရီးယားနှင့် ယူဂန္ဓာ နိုင်ငံတို့ဖြစ်ကြသည်။

* ဖိလစ်ပိုင်နိုင်ငံသည် ဇီဝနည်းပညာသုံး စပါး (Golden Rice) ကို စမ်းသပ်စိုက်ပျိုးမှု အောင်မြင်စွာပြီးဆုံးရန် နီးစပ်နေပြီဖြစ်သည်။

ကောင်းမွန်ပြီး သိပ္ပံနည်းကျကာ ကုန်ကျစရိတ်နှင့်အချိန်ကုန်သက်သာသော ထိန်းချုပ်ရေးစနစ်များ ကင်းမဲ့နေမှုက အာဖရိကတိုက် (နှင့်ကမ္ဘာတစ်ဝှမ်း)တွင် ဇီဝနည်းပညာသုံးသီးနှံများ စိုက်ပျိုးရန် အဓိက အဟန့်အတားတစ်ရပ်ဖြစ်နေသည်။

## ဥရောပသမဂ္ဂရှိ ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးမှုအခြေအနေ

ဥရောပသမဂ္ဂတွင် ဇီဝနည်းပညာသုံး သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၁၅% မြင့်တက်လာခဲ့သည်။ ဥရောပသမဂ္ဂငါးနိုင်ငံတွင် ဇီဝနည်းပညာသုံးပြောင်းစိုက်ပျိုးမှုမှာ ၁၄၈၀၁၃ ဟက်တာ ရှိပြီး ၂၀၁၂ ခုနှစ်ထက် ၁၈၉၄၂ ဟက်တာ တိုးတက်လာခဲ့သည်။ စပိန်နိုင်ငံက ဇီဝနည်းပညာသုံး ပြောင်း ၁၃၆၉၆၂ ဟက်တာဖြင့် ဥရောပသမဂ္ဂတွင် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ၂၀၁၂ ခုနှစ်ထက် ၁၈% တိုးတက်လာခဲ့သည်။ ရိုမေးနီးယားနိုင်ငံမှာ ၂၀၁၂ ခုနှစ်က စိုက်ပျိုးဧရိယာအတိုင်းသာ ဆက်လက်တည်ရှိနေခဲ့သည်။ ပေါ်တူဂီ၊ ချက်နှင့် ဆလိုဗက်ကီးယားနိုင်ငံများမှာ ဧရိယာလျော့နည်း၍ စိုက်ပျိုးခဲ့ကြသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဥရောပသမဂ္ဂ၏ လုပ်ငန်းစဉ်များမှာ တောင်သူများအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်နေသောကြောင့်ဟု ယူဆရသည်။

## ဇီဝနည်းပညာသုံးသီးနှံများက စားနပ်ရိက္ခာဖူလုံရေး၊ ရေရှည်တည်တံ့ဖြစ်ထွန်းသည့် အောင်မြင်မှုနှင့် ပတ်ဝန်း ကျင်ကို အကျိုးပြုခြင်း

၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဇီဝနည်းပညာသုံးသီးနှံများသည် ထုတ်လုပ်မှုစရိတ်လျော့ချနိုင်ခြင်း၊ အမေရိကန်ဒေါ်လာ ၁၁၇ ဘီလီယံအထိ ထုတ်လုပ်မှု (ခန့်မှန်းချေတန်ချိန် ၃၇၇ သန်း)တိုးတက်မြင့်မားလာခြင်း၊ ပိုးသတ်ဆေး သုံးစွဲမှုကို ကီလိုဂရမ် ၄၉၇ သန်း လျော့ချနိုင်ခဲ့သဖြင့် ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုခြင်း၊ ၂၀၁၂ ခုနှစ် တစ်နှစ်တည်းတွင်ပင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၂၇ ဘီလီယံ ကီလိုဂရမ် အထိ လျော့ချနိုင်ခြင်း (ယင်းပမာဏမှာ ကားအစီးရေ ၁၂ သန်းကို တစ်နှစ်တာ မောင်းနှင်မှုရပ်ဆိုင်းလိုက်ခြင်းနှင့် ညီမျှသည်။)၊ ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ် ကာလအတွင်း မြေဧရိယာ ဟက်တာ ၁၂၃ သန်းကို စိုက်ပျိုးထုတ်လုပ်ခြင်းမှ ရှောင်ရှားနိုင်ခဲ့သဖြင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရာရောက်ခြင်း၊ အသေးစားတောင်သူ ၁၆.၅ သန်းနှင့် ၄င်းတို့၏ မိသားစုဝင် စုစုပေါင်း ၆၅ သန်းအတွက် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ပေးနိုင်ခဲ့ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးခဲ့သည်။

## ကိန်းဂဏန်းအချက်အလက်များ

* အမေရိကန်ပြည်ထောင်စုက စိုက်ပျိုးဧရိယာ ၇၀.၁ သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျှက်ရှိသည်။
* ဘရာဇီးနိုင်ငံက ဒုတိယနေရာကို ၅ နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။ အခြားနိုင်ငံအားလုံးထက် တိုးချဲ့စိုက်ပျိုးမှုများပြားခဲ့ပြီး ၂၀၁၂ ခုနှစ်ထက် ဟက်တာ ၃.၇ သန်း (သို့) ၁၀% အထိ အံ့မခန်း တိုးတက်လာခဲ့သည်။
* အာဂျင်တီးနားနိုင်ငံက စိုက်ပျိုးဧရိယာ ဟက်တာ ၂၄.၄ သန်းဖြင့် တတိယနေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။
* အိန္ဒိယနိုင်ငံက ဇီဝနည်းပညာသုံး ဝါသီးနှံကို ဟက်တာ ၁၁ သန်း စိုက်ပျိုးခဲ့သဖြင့် ကနေဒါ နိုင်ငံကို ကျော်တက်ကာ စတုတ္ထနေရာကို ရယူနိုင်ခဲ့သည်။
* ကနေဒါနိုင်ငံတွင် ပန်းနှမ်းစိုက်ပျိုးမှု လျော့ကျလာခဲ့ပြီး စိုက်ပျိုးဧရိယာ ဟက်တာ ၁၀.၈ သန်းဖြင့် ပဉ္စမနေရာမှ ရပ်တည်လျှက်ရှိသည်။

## ISAAA ဆိုသည်မှာ

စိုက်ပျိုးရေးဇီဝနည်းပညာလက်တွေ့ အသုံးချရေးဆိုင်ရာ နိုင်ငံတကာ ဝန်ဆောင်မှုအဖွဲ့ (ISAAA) သည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အသိပညာမျှဝေခြင်း၊ စိုက်ပျိုးရေး ဇီဝနည်းပညာလက်တွေ့အသုံးချခြင်း စသည်အားဖြင့် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရာတွင် ကူညီလုပ်ဆောင်ပေးနေသော နိုင်ငံတကာ ကွန်ရက်တစ်ခုလည်းဖြစ်သည်။ ISAAA ၏ ဂုဏ်ထူးဆောင် အငြိမ်းစား ဥက္ကဌနှင့်တည်ထောင်သူတစ်ဦးဖြစ်သူ Mr. Clive James သည် အာရှ၊ လက်တင်အမေရိကနှင့်အာဖရိကတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်ပေါင်း ၃၀ ကြာနေထိုင်လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ပြီး သီးနှံဇီဝနည်းပညာနှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို အဓိကထားကာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့သည်။